dvbdebate.com   facebook.com/dvb.debateTwitter@dvbdebate

## DVB TV timetable

| | | | |
|---|---|---|---|
| Sun | 19:15 | 21:00 | night repeat |
| Mon | 10:15 | 15:15 | 21:00 |
| Wed | 10:15 | 15:15 | 21:00 |
| Fri | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ် ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ် စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***"How to balance Economy and Environment?"***

ဖြစ်ပါတယ်။(ဇန်နဝါရီ ၉၊ ၂၀၁၆ ရိုက်ကူးသည်။)

❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၉၀၀၄၈၈ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ " သယံဇာတ ထုတ်ဖော်မှုတွေကနေ ပတ်ဝန်းကျင်နဲ့ လူသားတွေအပေါ် ထိခိုက်မှုနည်းအောင် ဘယ်လိုလုပ်ဆောင်ကြမလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

သယံဇာတပေါကြွယ်ဝသော်လည်း သယံဇာတထောင်ချောက်ထဲကို ရောက်နေတယ်လို့ ပညာရှင်များက ဆိုထားတဲ့ နိုင်ငံတွေထဲကို ရောက်ရှိနေတဲ့ မြန်မာနိုင်ငံမှာ သယံဇာတထုတ်ဖော်မှုတွေနဲ့ ပတ်သက်လို့ ပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့ လက်ပန်းတောင်းတောင်ကိစ္စအပြင် ရွှေဂတ်စ်လိုကိစ္စတွေနဲ့ လက်ရှိမှာလည်း ပြည်တွင်းနဲ့ နိုင်ငံတကာ သတင်းမီဒီယာတွေမှာပါ အကျယ်တဝင့်ဖော်ပြခဲ့ကြတဲ့ ဖားကန့်က စွန့်ပစ်မြေစာပုံ ကိစ္စတွေဟာ ဖွံ့ဖြိုးရေးအတွက် အရှိန်ယူနေတဲ့ မြန်မာ့စီးပွားရေးနဲ့ သဘာဝသယံဇာတတွေကို စီမံခန့်ခွဲမှု၊ ဆိုးကျိုးဒဏ်တွေခံစားလာရတဲ့ မြန်မာ့သဘာ ဝပတ်ဝန်းကျင်စတာတွေအပေါ် လတ်တလောမှာ မေးခွန်းတွေများစွာထုတ်ခံနေရပါတယ်။

လက်ရှိအစိုးရအနေနဲ့ ပူပူနွေးနွေးသာရှိသေးတဲ့ မကြာသေးမီလပိုင်းက ပြီးစီးသွားတဲ့ ရွေးကောက်ပွဲအရ ထွက်ပေါ်လာမယ့် အစိုးရသစ်ကို တာဝန်များလွှဲပြောင်းပေးရန် နီးကပ်လာသည့်အချိန်လည်း ဖြစ်နေရာ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းအချို့နှင့် ယခုလပိုင်းအတွင်း ဖြစ်ပေါ်လာသည့် ကချင်ပြည်နယ်က ဖားကန့်မြေစာပုံကိစ္စရပ်က အာရုံအစိုက်ခံရဆုံးကိစ္စလည်း ဖြစ်နေပါတယ်။

ယင်းနှင့်ပတ်သက်ပြီး သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းရဲ့ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွှန့်သိန်းက လုံးခင်း၊ဖားကန့်ရတနာမြေမှာ အစိုးရအဖွဲ့ရဲ့ သဘောတူညီချက် သတ္တုတွင်းဝန်ကြီးဌာနက ၂၀၀၁မှာ အောက်တိုဘာလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၈၈/၂၀၀၁)နဲ့ ထုတ်ပြန်သတ်မှတ်ပေးခဲ့တာ ၁၇၅၂၀၆၄ ဧကရှိပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃၀ရက် စာရင်းအရ လုံးခင်း၊ ဖားကန့်ရတနာနယ်မြေမှာ တူးဖော်ရေးကုမ္ပဏီ ၆၂၇ ခုကို ပုဂ္ဂလိကလုပ်ကွက်ပေါင်း ၇၇၁၄ ကွက်၊ ကုမ္ပဏီ ၂၃၁ ခုကို အကျိုးတူလုပ်ကွက် ၃၁၁ကွက် နဲ့ စုစုပေါင်း ဧရိယာ ၂၂၅၅၈ ဒသမ ၃၀ ဧကကို လုပ်ကိုင်ခွင့်ပြုထားတယ်လို့ဆိုပါတယ်။

၁၉၉၅ ခုနှစ်မှာ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ပြဌာန်းပြီး ဥပဒေ၊ နည်းဥပဒေတွေနဲ့အညီ နိုင်ငံသားပိုင်ကျောက်မျက် ကုမ္ပဏီတွေကို တူးဖော်ထုတ်လုပ်ရောင်းချခွင့်ပြုထားကြောင်းနဲ့ ၁၉၉၅ ကစပြီး ပုဂ္ဂလိကလုပ်ကွက်တွေကို တူးဖော်ခွင့်ပြုခဲ့ပြီး ၂၀၀၀ပြည့်နှစ်မှာတော့ နိုင်ငံတော်နဲ့ အကျိုးတူ တူးဖော် ထုတ်လုပ်မယ့် ကုမ္ပဏီတွေကို လုပ်ကိုင်ခွင့်ပြုခဲ့တယ်လို့သိရပါတယ်။ နိုင်ငံတော်နဲ့ အကျိုးတူ တူးဖော်မှုတွေမှာ ရောင်းချရတဲ့ တန်ဖိုးကနေ ကောက်ခံရမယ့်အခွန်အခတွေကို နုတ်ယူပြီး ကျန်ပမာဏအပေါ်မှာ နိုင်ငံတော်က ၂၅ရာခိုင်နှုန်း၊ လုပ်ငန်းရှင်က ၇၅ ရာခိုင်နှုန်း ခွဲဝေခံစားတဲ့စနစ်နဲ့ လုပ်ဆောင်တာဖြစ်ပါတယ်။

လက်ရှိတွင် ကျောက်မီးသွေးစက်ရုံတည်ဆောက်မည့်အစီအစဉ်များ၊ သတ္တုတူးဖော်မှုများ၊ သဘာဝဓာတ်ငွေ့ တူးဖော်မှုများ၊သစ်ထုတ်လုပ်မှုများ စသည်တို့နှင့်ပတ်သက်ပြီး ဖွံ့ဖြိုးရေးရှုထောင့်နှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊အကျိုး အမြတ်ခွဲဝေသုံးစွဲမှု စသည့်မေးခွန်းများ၊ကန့်ကွက်မှုများ၊ ဝေဖန်ထောက်ပြမှုများ ညံနေပြီး တစ်ဖက်တွင် လည်း လတ်တလောမှာ မြန်မာနိုင်ငံက အဖွဲ့ဝင်လောင်းအဖြစ်ရရှိထားပြီး အဖွဲ့ဝင်ဖြစ်နိုင်ရေးအတွက် ကြိုးပမ်းနေတဲ့ EITI  အတွက် ယခုဖြစ်ပေါ်နေသည့် ကိစ္စရပ်တွေကြောင့် ထိခိုက်နိုင်မှု ရှိမရှိ စတာတွေကို အခုတစ်ပတ် ဒီဗွီဘီ ဒီဘိတ်ကနေ ဆွေးနွေးတင်ဆက်မှာ ဖြစ်ပါတယ်။

**သူတို့အမြင်**

" ဒီဒေသကထွက်တဲ့ ကျောက်စိမ်းကရတဲ့ဝင်ငွေကို အချိုးချပြီးတော့မှ ဒေသဖွံ့ဖြိုးရေး အတွက် ခံစားခွင့်ပေးတယ်ဆိုရင် မြို့က ရွှေရောင်တောက်နေပြီ။ ဒီကိုပြန်ပြီး ပံ့ပိုးဖို့ နယ်မြေဖွံ့ဖြိုး တိုးတက်ဖို့ လုပ်မယ်ဆိုတဲ့ စိတ်ကူး သူတို့မှာမရှိတာ။ ရသမျှကို အကုန်အိတ်ထဲထည့်တာကိုး"
**ဦးခင်မောင်ချို** - ဖားကန့်မြို့မိမြို့ဖ

"ကချင်ပြည်နယ် ဖားကန့်ဒေသမှာ ရေမဆေးကျောက်တူးသမားတွေ လုပ်ကိုင်မှုပိုများလာတဲ့အတွက် အုပ်ချုပ်ရေးနဲ့ လုံခြုံရေးအဖွဲ့တွေက ထိရောက်စွာကာကွယ်တားဆီးနိုင်ဖို့နဲ့ မလိုလားအပ်တဲ့ ဖြစ်စဉ်တွေ မဖြစ်ပွားစေဖို့ ဖားကန့်ဒေသတရားဥပဒေစိုးမိုးရေးအဖွဲ့ကို နိုင်ငံတော်က ၂၀၁၄ ခုနှစ်၊ဖေဖော်ဝါရီ ၄ ရက် မှာ ဖွဲ့စည်းပေးခဲ့ပြီး ဒီအဖွဲ့ရဲ့ ကြီးကြပ်မှုနဲ့ ရေမဆေးကျောက်ရှာဖွေသူတွေ ဝင်ရောက်ကျူးကျော်မှု ရှင်းလင်းခြင်းကို ၂၀၁၃ ခုနှစ်မှာ အကြိမ် ၃၀ ၊၂၀၁၄ ခုနှစ်မှာ ၁၀၉ကြိမ်နဲ့ ၂၀၁၅ ခုနှစ်မှာ ၁၆ကြိမ် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ လုံးခင်း၊ဖားကန့် ရတနာနယ်မြေမှာ မလိုလားအပ်တဲ့ ဖြစ်စဉ်တွေ မဖြစ်ပွားစေဖို့အတွက် တရားမဝင်ကျောက်စိမ်းရိုင်း ရှာဖွေသူတွေကို ပညာပေးခြင်း၊ သတိပေးခံဝန်များ ရေထိုးစေခြင်းတွေ ပြုလုပ်ခဲ့ပြီး မူလဒေသတွေကို ပြန်လည်စေလွှတ်ပေးခဲ့တာ ၂၀၁၃ ခုနှစ်မှာ ၇၉၈ဦး၊ ၂၀၁၄ ခုနှစ်မှာ ၃၅၂၆ဦး နဲ့ ၂၀၁၅ခုနှစ် နိုဝင်ဘာ ၃၀ ရက်အထိ ၃၁၉ဦး စုစုပေါင်း ၄၆၄၃ ဦးအထိ ရှိပါတယ်။"
**ဦးအောင်ညွှန့်သိန်း** - ဦးဆောင်ညွှန်ကြားရေးမှူး၊ သတ္တုတွင်းဝန်ကြီးဌာန၊မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ကြေးမုံ သတင်းစာ)

"ကျောက်ကောင်းရတယ်ဆိုရင်လည်း နေပြည်တော်ရောက် တယ်ဆိုတာ မရှိဘူး။ တရုတ်ပြည် ရောက်တာပဲ။ ကုမ္ပဏီမှာရှိတဲ့ ကြီးကြပ်ကို မိန်းမကြိုက်ရင် မိန်းမ၊ ရွှေကြိုက်ရင် ရွှေ၊ ငွေကြိုက်ရင် ငွေပေးတယ်။ ကျောက်ဂိုဒေါင် သော့တောင် ကုမ္ပဏီကို အပ်လိုက်တာ။ အစိုးရက လွှတ်ထားတဲ့ ကြီးကြပ်တွေက ဒီမှာရှိတဲ့ ကျောက် တစ်လုံးက သောင်းအထက်တန် မှန်းလဲ မသိဘူး။ ထောင်အထက်တန်မှန်းလဲ မသိဘူး"
**ဖားကန့်ရောက် ပျဉ်းမနားဒေသခံတစ်ဦး**

***Information links:***

www.7daydaily.com
www.dvbdebate.net
www.Burmese.dvb.no